“ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု”

# တရုတ်-အာဆီယံကံကြမ္မာတစ်ကိုယ်တည်းထုအတွင်း၏သူ့နှင့်သူမ

ယခုနှစ်ပိုင်း “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ကိုမှီပြီး ရဝမ်းသံလမ်း၊ တရုတ်လာအိုသံလမ်း စသည့်အခြေခံအဆောက်အအုံစီမံကိန်းအသုတ်လိုက်ကို အာဆီယံနိုင်ငံများတွင် အောင်မြင်စွာအခြေချနိုင်ခဲ့သည်။ တရုတ်လုပ်ငန်းများသည် ဒေသခံတွင် ရင်းနှီးအောင်မြင်ပြီး ရလဒ်များသယ်ဆောင်ကာ လမ်းတစ်လျှောက်နိုင်ငံအများအတွက် ထိရောက်သောအကျိုးရလဒ်များကို သယ်ဆောင်ပေးနိုင်နေသည်။ တရုတ်-အာဆီယံကံကြမ္မာတစ်ကိုယ်တည်းထုကိုတည်ဆောက်သည့် လုပ်ငန်းစဉ်အတွင်း ဒေသခံပြည်သူများ၏ကံကြမ္မာသည် ကြီးမားသောအပြောင်းအလဲများ ဖြစ်ပေါ်နေကြပေသည်။

## “တရုတ်စာသင်ခြင်းကြောင့် ကျွန်တော်အလုပ်ရာထူးကောင်းရခဲ့တယ်”

ကမ္ဘောဒီးယား သီဟာနုဆိပ်ကမ်းစီးပွားရေးအထူးဇုန်(သီဆိပ်ကမ်းအထူးဇုန်ဟုတိုချုံးခေါ်ဝေါ်မည်)သည် ကမ္ဘောဒီးယားတွင်အကြီးဆုံး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိလူဦးရေအများဆုံးသော စီးပွားရေး အထူးဇုန်ဖြစ်ပါသည်။ တရုတ်ကမ္ဘောဒီးယား “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ပူးပေါင်းဆောင်ရွက်ရေး၏ စံနမူနာအဖြစ် အမည်ပေးခြင်းခံရသည်။

သီဆိပ်ကမ်းအထူးဇုန်ကို တရုတ်-ကမ္ဘောဒီးယား နှစ်နိုင်ငံလုပ်ငန်းများမှ ရင်းနှီးဖွံ့ဖြိုးခဲ့သည်။ ဤနေရာတွင် ထုတ်လုပ်၊ နေထိုင်သည့် အဆက်တွဲအဆောက်အအုံများမှာ ပြည့်စုံနေပါသည်။ တရုတ်၊ ဥရောပ၊ ဂျပန်၊ ကိုရီးယားမှ လုပ်ငန်းပေါင်း(၁၀၀)ကျော်သည် ဒေသခံအတွက်အလုပ်အကိုင်အခွင့်အလမ်းရာထူးပေါင်း (၁. ၆)သောင်းနေရာကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

သီဆိပ်ကမ်းအထူးဇုန်၏ ဆောက်လုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အတွင်း ဝန်ထမ်းများဒေသခံပုံစံဖြစ်အောင်ခိုင်မာစွာ လုပ်ဆောင်နေပါသည်။ သင်တန်းစင်တာကိုအထူးတည်ထောင်ပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများအတွက် ဘာသာစကားနှင့်နည်းပညာသင်တန်းပေးကို ထောက်ပံ့ပေးပြီး သူတို့အတွက် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်ရေးနေရာကို ထောက်ပံ့ပေးနေပါသည်။

အထူးဇုန်အတွင်း၏ ခက်လီအယ်ဝေါလ့်ထက်သားရေလုပ်ငန်း ကမ္ဘောဒီးယားကုမ္ပဏီလီမိတက် စက်ရုံအတွင်း ဘာသာပြန်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ကမ္ဘောဒီးယားမိန်းကလေး ချိန်လျှိုလီသည် သင်တန်းမှအကျိုးရရှိသူတစ်ဦးဖြစ်ပါသည်။ လွန်ခဲ့သော(၂)နှစ်ကချိန်လျှိုလီသည် သင်တန်းစင်တာသို့သွားရောက်ပြီး တရုတ်စာသင်ယူလေ့လာခဲ့သည်။ ယခုသူမသည် အလွန်ကျွမ်းကျင်သော ဘာသာပြန်တစ်ဦးဖြစ်လာနေပါသည်။ “တရုတ်စာသင်ခြင်းကြောင့် ကျွန် တော်အလုပ်ရာထူးကောင်းရခဲ့တယ်”ဟု သူမကပြောသည်။ ယခုနှစ်စပိုင်းတွင်ချိန်လျှိုလီ၏အိမ်သည် အိမ်သစ်ဆောက်ပြီး ပရိဘောဂအသစ်များဝယ်ယူနိုင်ခဲ့သည်။

“ဘုံဘိုင်သောက်သုံးရေအသုံးပြုနိုင်တာအရမ်းကောင်းတာဘဲ”။

“ဟိုးအရင်က မိုးရေကန်ထဲသွားပြီးရေယူရတယ်။ အခုဆိုသန့်ရှင်းတဲ့ဘုံဘိုင်ရေကို အသုံးပြုနိုင်နေပြီ။ အရမ်းအဆင်ပြေပါတယ်။ ကျွန်တော်တို့က ဒီစီမံကိန်းကို အလွန်အားပေးပါတယ်။” ဟု မြန်မာနိုင်ငံအနောက်ကမ်းရိုးတန်း



မဒေးကျွန်းမှ ရွာသားဦးလှကြွယ်က ရေယူရင်းသတင်းထောက်ကို အားရဝမ်းသာစွာ ပြောခဲ့သည်။ သူပြောနေသည့် “စီမံကိန်း”သည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေးမှ မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသည့် တရုတ်မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဖြစ်ပါသည်။

တရုတ်မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် ရေနံပိုက်လိုင်းစီမံကိန်းနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းပါဝင်သည်။ မြန်မာနိုင်ငံအနောက်ကမ်းရိုးတန်း မဒေးကျွန်းမှ စတင်ခဲ့သည်။ တရုတ်မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း၏ ရောက်ရှိလာခြင်းကြောင့် ဒေသခံပြည်သူများ၏နေထိုင်ရေးသည် ကြီးမားသောပြောင်းလဲမှုများဖြစ်လာခဲ့သည်။ အရင်တုန်းကမဒေးကျွန်းသည် ကားလမ်းမရှိ၊ သောက်သုံးရေမရှိ စားသောက်ကုန်ချို့တဲ့သော ဘင်္ဂလားပင်လယ်အော်တွင် တည်ရှိသည့် ကျွန်းတစ်ကျွန်းဖြစ်ပါသည်။ ယခုမှာရွာတိုင်းတွင် ကားလမ်းဖောက်လုပ်ထားပြီး ဘုံဘိုင်ရေတင်သွင်းနိုင်နေပြီး (၂၄)နာရီလျှပ်စစ်မီးအားကို ခံစားနိုင်ပေသည်။ ကျွန်းပေါ်တွင် 3Gဆက်သွယ်ရေးဂိတ်ကိုလည်း တည်ဆောက်ပြီး ကျောင်း၊ ဆေးဝါးကုသဂိတ်စသည်တို့အားလုံး ပြည့်စုံနေပါသည်။

“ပြပွဲ”

# ၂၀၁၇ ခရီးသွားဖလှယ်ပွဲတွင် နိုင်ငံနှင့်ဒေသပေါင်း(၇၁)ခုပါဝင်ပြသရန်ဆွဲဆောင်နိုင်ခဲ့

နိုဝင်ဘာလ(၁၇)ရက်နေ့မှ(၁၉)ရက်နေ့ထိ ကူမင်းတွင် ၂၀၁၇တရုတ်နိုင်ငံတကာခရီးသွားဖလှယ်ပွဲကို ကျင်းပခဲ့သည်။ “ဆွဲဆောင်မှုရှိသောယူနန်၊ ကမ္ဘာနှင့်အတူခံစား”ဟူသော ခေါင်းစဉ်ပြုကာ “ယူနန်တွင်ရှုခင်းဇုန်တစ်ခုတည်းရှိသည်။ ရှုခင်းဇုန်အမည်မှာ ယူနန်ဟုခေါ်ပါသည်။”ဟူသောအဓိကအကြောင်းအရာများပါဝင်ထားသည်။

ယခုနှစ် ခရီးသွားဖလှယ်ပွဲတွင် နိုင်ငံနှင့်ဒေသပေါင်း(၇၁)ခု ပါဝင်ပြသရန်ဆွဲဆောင်နိုင်ခဲ့သည်။ ရုရှား၊ အမေရိကန်၊ ဥရောပတိုက်နှင့် တရုတ်နိုင်ငံ ဟောင်ကောင်၊ မကာအိုစသည့် နေရာဒေသ၏ ပြည်ပခရီးသွားကုန်သည်ပေါင်း (၅၂၇)အိမ်ပါဝင်ပြသခဲ့သည်။ ဒိန်းမတ်၊ ဘီနင်၊ ဟန်ဂေရီ၊ ဂမ်ဘီရာစသည့်နိုင်ငံ (၄)ခုမှ ဧည့်သည်များသည် ပထမဆုံးအကြိမ် ပါဝင်တက်ရောက်ခဲ့ကြသည်။ အာဆီယံ(၁၀)နိုင်ငံမှ ခရီးသွားလာရေးအရာရှိများ တက်ကြွစွာတက်ရောက်ခဲ့ကြသည်။



ယခုအကြိမ် ခရီးသွားဖလှယ်ပွဲတွင် လှုပ်ရှားမှုများစွာရှိပါသည်။ ပထမအချက်မှာခရီးသွားဖလှယ်ပွဲတွင် အာဆီယံ ခရီးသွား ပူးပေါင်းဆောင်ရွက်ရေးနှစ်ပိတ်ပွဲအခမ်းအနားကို ပထမဦးဆုံးအကြိမ်ကျင်းပခြင်း၊ ဒုတိယအချက်မှာ လန်ချန်းမြစ်-မဲခေါင်မြစ် ခရီးသွားမြို့ပူးပေါင်းဆောင်ရွက်ရေး ညီလာခံအလုပ်သဘောအစည်းအဝေးကို ပထမဦးဆုံးအကြိမ်ကျင်းပခြင်း၊ တတိယအချက်သည် “ရှန်ဂရီလာည”တွင် ယူနန်တိုင်းရင်းသားဝတ်စုံပြပွဲကို ပထမဆုံးအကြိမ်ကျင်းပခြင်းစသည်တို့ဖြစ်ပါသည်။

ထို့အပြင် ယခုအကြိမ်ခရီးသွားဖလှယ်ပွဲ၏ ပါဝင်ပြသသည့်အဖွဲ့အစည်းနှင့်လုပ်ငန်းတန်ဖိုးမှာ အဆက်မပြတ်မြင့်တင်နေသည်။ နိုင်ငံတကာတောင်မြေခရီးသွားအသင်း၊ ကမ္ဘာ့ခရီးသွားမြို့တော်အသင်းစသည့် ကမ္ဘာ့နာမည်ကြီးအဖွဲ့အစည်းများသည် ခရီးသွားဖလှယ်ပွဲအတွင်းသို့ အသစ်တိုးပါဝင်ခဲ့သည်။ ရှန်ဂရီလာခရီးသွားကြော်ငြာအသင်းမှ ပါဝင်သက်ဆိုင်သော ပြည်နယ်ဇုန်မြို့များအားလုံးဖွဲ့စည်းပြီး အရည်အသွေးမြင့်ခရီးသွားလုပ်ငန်းများ ပါဝင်ပြသခဲ့သည်။ ပါဝင်ပြသသည်မှာ ခရီးသွားလာရေးလုပ်ငန်းမှ စိုက်ပျိုးရေးလုပ်ငန်း၊ ပညာရေး၊ စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ ယဉ်ကျေးမှုဆန်းသစ်၊ ကွန်ယက်၊ ကျန်းမာရေး စသည့်နယ်ပယ်များအထိ တိုးချဲ့နိုင်ခဲ့သည်။

ယူနန်သည် ယခုအကြိမ်ခရီးသွားဖလှယ်ပွဲတွင် အချိုးအစားအကြီးမားဆုံး၊ ပြသနေရာအများဆုံးသော တရုတ်နိုင်ငံ၏ပြည်နယ်ဖြစ်သည်။ ယူနန်ပြပွဲတွင်ပြတိုက်(၄)ခုထူထောင်ထားကြောင်း သိရှိရသည်။ ယူနန်ခရီးသွားအထွေထွေပြတိုက်၊ ကျန်းမာရေးခရီးသွားပြတိုက်၊ အားကစားခရီးသွားပြတိုက်၊ ခရီးသွားကုန်ပစ္စည်းပြတိုက်အဖြစ် ခွဲထားသည်။ စုစုပေါင်း ပြသမျက်နှာပြင်ဧရိယာမှာ စတုရန်းမီတာ(၁၇၂၀၀ )ရှိသည်။

သတင်းထောက်ချူတုံးဟွာ
ကျူးဟဲ

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn